# IOWA IMMUNIZES

## HPV ကာကွယ်ဆေးထိုးခြင်းသည်
## ကင်ဆာကို ကြိုတင်ကာကွယ်ခြင်းဖြစ်သည်။

**HPV=**
human papillomavirus
**ရေယုန်ဗိုင်းရပ်စ်ပိုးတစ်မျိုး**

အမေရိကန်နိုင်ငံသား (၁၄) သန်းခန့်သည် နှစ်စဉ် HPV ပိုးကူးစက်ခံနေရသည်။

**ဆယ်ကျော်သက်များ အပါအဝင်**

HPV ပိုးကူးစက်မှုမှာ အလွန်အဖြစ်များသည်။ HPV သည် နှစ်စဉ် ကင်ဆာရောဂါပေါင်း ၃၆,၅၀၀ ခန့်ကို ဖြစ်ပွားစေပါသည်။ HPV သည် လိင်အင်္ဂါကြွက်နို့ကိုလည်း ဖြစ်စေနိုင်သည်။



အကြံပြုထားသော အသက်အရွယ်များတွင် HPV ကာကွယ်ဆေးကို ထိုးနှံပေးပါက

**HPV ကြောင့်ဖြစ်သည့် ကင်ဆာ (၆) မျိုး၏ ၉၀ % ကျော်ကို ကာကွယ်ပေးနိုင်သည်။**

- သားအိမ်ခေါင်းကင်ဆာ (cervical)
- မွေးလမ်းကြောင်းကင်ဆာ (vaginal)
- မိန်းမကိုယ်ကင်ဆာ (vulvar)
- စအိုကင်ဆာ (anal)
- အမျိုးသားလိင်တံကင်ဆာ (penile)
- လည်ချောင်းကင်ဆာ (throat)

## HPV ကာကွယ်ဆေးကို ဘယ်သူတွေထိုးသင့်သလဲ။

အသက် ၉ နှစ်မှ ၁၂ နှစ်ကြား ယောကျာ်းလေးများနှင့် မိန်းကလေးများသည် ဘဝနှောင်းပိုင်းတွင် HPV ကြောင့် ဖြစ်သည့် ကင်ဆာ (၆) မျိုးဖြစ်ပွားနိုင်ခြင်းမှ ကာကွယ်ရန် HPV ကာကွယ်ဆေးကို ထိုးနှံသင့်သည်။ အသက် ၁၅ နှစ်အောက် ကလေးများနှင့် ဆယ်ကျော်သက်များအတွက် HPV ကာကွယ်ဆေးကို (၂) ကြိမ်ထိုးနှံရမည်ဖြစ်ပြီး၊ အသက် ၁၅ နှစ် နှင့်အထက်များမှာ (၃) ကြိမ်ထိုးနှံရမည်ဖြစ်သည်။ HPV ကာကွယ်ဆေးကို အသက် ၄၅ နှစ်အထိ ထိုးနှံနိုင်ပါသည်။

| ON TIME | LATE | LATE |
|---|---|---|
| အကြံပြုထားသည့်အသက်အရွယ်တွင် ကာကွယ်ဆေးထိုးနှံခြင်း | အကြံပြုထားသည့် အသက်အရွယ်ကျော်လွန်ပြီးမှ ကာကွယ်ဆေးထိုးနှံခြင်း | အကြံပြုထားသည့် အသက်အရွယ်ကျော်လွန်ပြီးမှ ကာကွယ်ဆေးထိုးနှံခြင်း |
|  |  | <br> |
| **၁၁ – ၁၂ နှစ်အရွယ်** | **၁၃ – ၁၄ နှစ်အရွယ်** | **၁၅ – ၂၆ နှစ်နှင့်အထက်** |
| ၂ ကြိမ် | ၂ ကြိမ် | ၃ ကြိမ် |

**အကောင်းဆုံး ကာကွယ်မှုကို ပေးသည်။**

ပိုမိုသိရှိလိုပါက cancer.org ကို စကင်န်ဖတ်ပါ။

## ကာကွယ်ဆေးများသည် ရောဂါတိုက်ဖျက်ရာတွင် အလွန်ထိရောက်မှုရှိသည်။

HPV ကာကွယ်ဆေးသည် ကင်ဆာရောဂါကိုကာကွယ်ရာတွင် အလွန်ထိရောက်မှုရှိပါသည်။ HPV ကာကွယ်ဆေး ကို ၂၀၀၆ ခုနှစ်တွင် အမေရိကန်နိုင်ငံတွင် စတင်မိတ်ဆက်ခဲ့သည့်အချိန်မှစ၍ HPV ကင်ဆာများနှင့်လိင်အင်္ဂါ ကြွက်နို့အများစုကို ဖြစ်စေသော HPV ပိုးကူးစက်မှုနှုန်းမှာ အမျိုးသမီးငယ်များတွင် ၈၈ % အထိ ကျဆင်းသွားခဲ့သည်။ ကာကွယ်ဆေး ထိုးနှံထားသော အမျိုးသမီးများတွင် သားအိမ်ခေါင်းကင်ဆာနှင့် အများဆုံးဆက်စပ်နေသည့် HPV အမျိုးအစားကြောင့် ဖြစ်ရသည့် သားအိမ်ခေါင်း အကြိုကင်ဆာဖြစ်ပွားမှု ၄၀% ကျဆင်းသွားပါသည်။

## ကာကွယ်ဆေးများသည် ဘေးကင်းပြီး ထိရောက်မှုရှိပါသည်။

### ၁၀ နှစ်ကျော်အချိန်ကာလအတွင်း HPV ကာကွယ်ဆေး ဘေးကင်းရေးအချက်အလက်များ

နိုင်ငံပေါင်း (၆) နိုင်ငံမှ လူ ၂.၅ သန်းကို ကာကွယ်ဆေးထိုးနှံပေးသည့်လေ့လာမှုပေါင်း ၁၀၉ ခု၏ဖော်ပြချက်အရ–

**ပြင်းထန်သောဘေးထွက်ဆိုးကျိုးများမရှိပါ။**

ကာကွယ်ဆေးထိုးနှံပြီးနောက် ကာကွယ်ဆေးထိုးထားသည့်နေရာနာကျင်ခြင်း သို့မဟုတ် နီမြန်းခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း သို့မဟုတ် ပျို့အန်ခြင်းတို့အပါအဝင် အခြားကာကွယ်ဆေးများနည်းတူ ပုံမှန်တုံ့ပြန်မှုများဖြစ်နိုင်ပါသည်။

PHILLIPS ET AL. SAFETY OF HUMAN PAPILLOMAVIRUS VACCINES: AN UPDATED REVIEW. DRUG SAFETY.2018 APRI;41 (4) 329–346

## ကာကွယ်ဆေး ကုန်ကျစရိတ်အတွက် အကူအညီလိုအပ်ပါသလား။

ကလေးများအတွက် ကာကွယ်ဆေး (Vaccines for Children – VFC) အစီအစဉ်သည် ကာကွယ်ဆေး မထိုးနိုင်သော အရည်အချင်းပြည့်မီသည့်မိသားစုများမှ ကလေးများကို ကူညီပေးသည်။ VFC အစီအစဉ်သည် ကျန်းမာရေး အာမခံ မရှိသော၊ Medicaid အရည်အချင်းပြည့်မီသော သို့မဟုတ် အမေရိကန်အိန္ဒိယ/ အလာစကာ ဇာတိဖြစ်သော အသက် ၁၈ နှစ်အောက် ကလေးများ အတွက် ကာကွယ်ဆေးများကို အခမဲ့ထိုးနှံပေးပါသည်။

ပိုမိုသိရှိလိုပါက www.cdc.gov/vaccines/programs/vfc သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

IOWA IMMUNIZES

www.iowaimmunizes.org

Iowa Immunizes ကို အိုင်အိုဝါ ပြည်သူ့ကျန်းမာရေးအသင်းမှ ကမကထပြုလုပ်ခြင်းဖြစ်သည်။
IOWA CANCER CONSORTIUM မှ ကူညီပံ့ပိုးမှုဖြင့် ထုတ်လုပ်ခြင်းဖြစ်သည်။